# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁၀)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

**ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။**

**ကျင်းပမည့်နေ့ရက်။ ။၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်၊သောကြာနေ့။**
**ကျင်းပမည့်အချိန်။ ။နံနက်(၉:၀၀)နာရီ။ Meeting Linkသို့ နံနက်(၈:၄၅)နာရီ နောက်ဆုံးထား၍ ဝင်ရောက်ကြပါရန်။**
**ကျင်းပမည့်ပုံစံ။ ။ Virtual Meeting (Video Conference)**

အစည်းအဝေးသို့ ကိုယ်တိုင် တက်ရောက်လိုသော အစုရှယ်ယာရှင်များအနေဖြင့် ပထမပုဂ္ဂလိကဘဏ် Website "www.firstprivatebank.com.mm" တွင် တင်ပြထားသည့် **Online Register Form ပုံစံကို(၉.၁၂.၂၀၂၁)ရက်နေ့မှစ၍** လိုအပ်သည့် အချက်အလက်များ ဖြည့်သွင်းပြီး ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ Email Address: hofirst.private@gmail.com နှင့် fpbho.ygn@gmail.com သို့ **(၂၄-၁၂-၂၀၂၁)ရက်နေ့ နောက်ဆုံးထား** ပေးပို့ရပါမည်။ Online Register Form ပုံစံဖြင့် ပေးပို့လာသည့် အစုရှင်များကို ဘဏ်မှစစ်ဆေးပြီး မှန်ကန်မှုရှိသည့် အစုရှယ်ယာရှင်များကို Email နှင့် SMSများမှတစ်ဆင့် **Confirm Letterများ** ပြန်လည်ပေးပို့မည် ဖြစ်ပါသည်။

ယခုနှစ်တွင် လစ်လပ်မည့်ဒါရိုက်တာ(၅)ဦးကိုလည်း Online Voting စနစ်ဖြင့် မဲပေးရွေးချယ်ရန်စီစဉ်ထားသဖြင့် Email နှင့် SMSများမှတစ်ဆင့် Register လုပ်ထားသော အစုရှယ်ယာရှင်များထံ **(၂၆-၁၂-၂၀၂၁)ရက် ၊ တနင်္ဂနွေနေ့တွင် Voting Link နှင့် Passwordများကို** ပေးပို့မည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များက ဒါရိုက်တာများကို **(၂၈-၁၂-၂၀၂၁)ရက် ၊ အင်္ဂါနေ့ ၊ နံနက်(၉:၀၀)နာရီမှ (၃၀-၁၂-၂၀၂၁)ရက် ၊ ည(၁၂:၀၀)နာရီအထိ မဲ( Vote ) ပေး ရွေးချယ်ရပါမည်။**

အစုရှင်ကိုယ်စားလှယ်(Proxy) လွှဲအပ်ထားပြီးသော အစုရှင်များသည် မိမိကိုယ်စား အစုရှင်တစ်ဦးကို မဲပေးရန် ခွင့်ပြုထားခဲ့ပြီးဖြစ်၍ register ပြုလုပ်ထားသော အစုရှယ်ယာရှင်များ၏ **Online Register Formပုံစံ ဖြည့်စွက်ရန် မလိုအပ်ပါ။** အကယ်၍ အစုရှင်များမှ ကိုယ်စားလှယ်လွှဲအပ်ပြီးဖြစ်သော်လည်း အစည်းအဝေးကျင်းပခြင်းကို မိမိကိုယ်တိုင် ကြည့်ရှုလိုပါက ဘဏ်၏ Facebook Pageနှင့် Website "www.firstprivatebank.com.mm" များတွင် ကြည့်ရှုနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏ (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအား ပထမပုဂ္ဂလိကဘဏ်၏ Website www.firstprivatebank.com.mm နှင့် ရန်ကုန်စတော့ခ်အိပ်ချိန်း၏ Website " https://ysx-mm.com "တို့တွင် တင်ပြထားမည်ဖြစ်ပြီး ကြိုတင်ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁၀)ကြိမ်မြောက်အထူးအစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ဘဏ်၏ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ(သင်းဖွဲ့စည်းမျဉ်းအပိုဒ် –၈၁) ပြင်ဆင်ခြင်းအား အတည်ပြုချက်တောင်းခံခြင်း

### လက်ရှိသင်းဖွဲ့စည်းမျဉ်းအပိုဒ် –၈၁

ဒါရိုက်တာဦးရေကို ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအပါအဝင် ဆယ့်ငါးယောက်ထက်မနည်း (သို့မဟုတ်) နှစ်ဆယ့်တစ်ယောက်ထက်မများစေရ။

**Article 81**

The number of directors shall not be less than fifteen or more than twenty one including the Chairman.

### ပြင်ဆင်သည့် သင်းဖွဲ့စည်းမျဉ်းအပိုဒ် –၈၁

ရွေးကောက်ခံဒါရိုက်တာဦးရေကို ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအပါအဝင် ငါးယောက်ထက်မနည်း (သို့မဟုတ်) တစ်ဆယ်ယောက်ထက်မများစေရ။

**Article 81**

The number of elected directors shall not be less than five or more than ten including the Chairman.

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၀) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေး

## “ ဖိတ်ကြားလွှာ ”

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၀)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | ➤ | Video Conferencing စနစ်ဖြင့်ကျင်းပပါမည်။ |
| ကျင်းပမည့်နေ့ရက် | ➤ | ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက် (သောကြာနေ့) |
| ကျင်းပမည့်အချိန် | ➤ | နံနက် (၉:၀၀)နာရီ။ |

# အစည်းအဝေးအစီအစဉ်

**ပထမပိုင်း**

**(၁၀)ကြိမ်မြောက်အထူးအစည်းအဝေး**

၁။ အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးအထမြောက်ကြောင်း ကြေငြာခြင်း။

၂။ အစည်းအဝေးအစီအစဉ်များကို ဖတ်ကြားတင်ပြခြင်း။

၃။ သဘာပတိကြီးမှ အဖွင့်အမှာစကားပြောကြားခြင်း။

၄။ အထူးအစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြဆုံးဖြတ်ချက်ရယူခြင်း။

**ဒုတိယပိုင်း**

**(၃၀)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး**

၅။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)အရ ဒါရိုက်တာများရွေးချယ်ခြင်း။

၆။ ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာနှင့်နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်သွင်းအတည်ပြုခြင်း။

၇။ ပြင်ပစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း။

၈။ အစုရှင်များ စာရင်းစစ်ကော်မတီဝင်များကို ရွေးချယ်ခြင်း။

၉။ မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ပြင်ပစာရင်းစစ်ခန့်ထားခြင်း။

၁၀။ အမြတ်ဝေစုခွဲဝေခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းတင်ပြခြင်း။

၁၁။ စာဖြင့်ရေးသားပြီး အချိန်မီပေးပို့ထားသောမေးခွန်းများကို ဖြေကြားခြင်း။

၁၂။ ဒါရိုက်တာအသစ်များ၊ စာရင်းစစ်အဖွဲ့ဝင်အသစ်များနှင့် ပြင်ပစာရင်းစစ်အဖွဲ့၏ အမည်စာရင်းကိုကြေငြာခြင်း။

၁၃။ သဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၁၄။ အစည်းအဝေးပြီးဆုံးကြောင်းကြေငြာခြင်း။

မှတ်ချက် ။– ဤအစည်းအဝေးဖိတ်စာသည် (၁၂–၁၁–၂၀၂၁)နေ့အစုရှင်စာရင်းရှိ အစုရှယ်ယာပိုင်ဆိုင်ထားသူများနှင့်သာ သက်ဆိုင်အကျုံးဝင်ပါသည်။

–ဤဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ပူးတွဲပေးပို့ပါသည်။

–ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာပါအချက်များကို မေးမြန်းရန်ရှိပါက(၁၅–၁၂–၂၀၂၁)နေ့ထက်နောက်မကျဘဲ CEO ထံလိပ်မူတပ်၍ ပေးပို့ပါရန်။

–အချိန်မီကြိုတင်ပေးပို့ထားသောမေးခွန်းများကိုသာ ဖြေကြားမည်ဖြစ်ပါသည်။အစည်းအဝေးအထမြောက်မည့်အစုရှင်ဦးရေကို ရေတွက်စိစစ်နိုင်ရန်အတွက် မိနစ်(၃၀)ထက်မနည်းစော၍ ကြွရောက်ပါရန်။

–ဤဖိတ်စာနှင့်အတူ အစုရှယ်ယာဝယ်ယူထားသည့် အထောက်အထား ID No. အစုရှယ်ယာလက်မှတ်နှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြားကိုပါ ယူဆောင်လာပါရန်။

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

**ကိုယ်စားမဲပေးရန်ခန့်အပ်လွှာ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏အစုရှင် ကျွန်ုပ် ဦး/ဒေါ် ____________________ သည် ကျွန်ုပ်ကိုယ်စား ဦး/ဒေါ် ____________________ နိုင်ငံသားစိစစ်ရေးကဒ်/အမျိုးသားမှတ်ပုံတင်အမှတ် ______________________________ အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ )ရက် နှင့် အခြားရွှေ့ဆိုင်းသော မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်လိုက်ပါသည်။

မှတ်ချက် – ကိုယ်စားလှယ် ခန့်အပ်ခံရသူသည်(၁၂–၁၁–၂၀၂၁)နေ့ထိ ဘဏ်အစုရှယ်ယာပိုင်ဆိုင်ထားသည့် အစုရှင်ဖြစ်ရပါမည်။

– ကိုယ်စားမဲပေးရန် ခန့်အပ်လွှာကို( ၂၁ –၁၂– ၂၀၂၁ ) ရက်ထက် နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ် (သို့မဟုတ်) နီးစပ်ရာဘဏ်ခွဲများသို့ ပေးပို့ရပါမည်။

– အစည်းအဝေးအထမြောက်စေရန် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန်။

လက်မှတ် -----------------------------------

အမည် -----------------------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ်-----------------------------

လိပ်စာ -----------------------------------

**Special Code (သို့) Security No.**------------------------------------

ပိုင်ဆိုင်သည့်အစုအရေအတွက် (                )

နေ့စွဲ ။ ၂၀၂၁–ခုနှစ်၊ လ ၊ ရက်။

မှတ်ချက် ။ ကိုယ်စားလှယ်လွှဲစာတရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅၀ိ/–(ငါးဆယ်ကျပ်)ကပ်ရပါမည်။